**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

New Life Plastic Co.,Ltd. မှ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေကုန်းကျေးရွာ၊ မြေကွက်အမှတ် (၁၆၃)၊ မြေဧရိယာ (၁.၁၃) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပလတ်စတစ်ကော်ကျိုလုပ်ငန်း၊ စိုက်ပျိုးရေးသုံးရေပိုက်နှင့် ပိုက်ဆက်ပစ္စည်း ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း အတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate–ECC)

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၄ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၇၆၇ )       ရက်စွဲ။ ၂၀၂၄ခုနှစ် ၊ မတ်လ ၁၄ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ) ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်–

(က) **စီမံကိန်းအဆိုပြုသူ** – ဒေါ်ဝါဝါယဉ်မွန်
ဒါရိုက်တာ

(ခ) **ဆက်သွယ်ရန်လိပ်စာ** – New Life Plastic Co., Ltd.၊ အမှတ် (၂၀၉–ဘီ)၊ ရွှေဝါထွန်းလမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉ ၄၂၁ ၁၄၁ ၁၅၇
warwaryinmon@gmail.com

(ဂ) **စီမံကိန်းအမျိုးအစား** – ပလတ်စတစ်ကော်ကျိုလုပ်ငန်း၊ စိုက်ပျိုးရေးသုံးရေပိုက်နှင့် ပိုက်ဆက်ပစ္စည်း ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း

(ဃ) **စီမံကိန်းကာလ** – အခွင့်အမိန့်အရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ

(င) **စီမံကိန်း၏အရွယ်အစား** – စီမံကိန်းဧရိယာ (၁.၁၃) ဧက

(စ) **စီမံကိန်းတည်နေရာ** – မြေကွက်အမှတ် (၁၆၃)၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်းကျေးရွာ၊ ကိုးရွာသပြေကုန်းကျေးရွာအုပ်စု၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

(ဆ) **ECC သက်တမ်း** – (၅) နှစ်
စတင်ထုတ်ပေးရက် – ၃၁-၁-၂၀၂၄
သက်တမ်းကုန်ဆုံးရက် – ၃၀-၁-၂၀၂၉

(ဇ) **အတည်ပြုအစီရင်ခံစာ အမျိုးအစား** – ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)

(ဈ) **အတည်ပြုအစီရင်ခံစာ** – ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ညွှန်ကြားရေးမှူးရုံး၏

၁၄-၁၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ နပတ/၁/၁/၃၀
(၂၃၃၉/ ၂၀၂၃)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင် သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**New Life Plastic Co.,Ltd. မှ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်း ကျေးရွာ၊ ကိုးရွာသပြေကုန်းကျေးရွာအုပ်စု၊ မြေကွက်အမှတ် (၁၆၃)၊ မြေဧရိယာ (၁.၁၃) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပလတ်စတစ်ကော်ကျိုလုပ်ငန်း၊ စိုက်ပျိုးရေးသုံး ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ New Life Plastic Co.,Ltd. မှ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်း ကျေးရွာ၊ ကိုးရွာသပြေကုန်းကျေးရွာအုပ်စု၊ မြေကွက်အမှတ် (၁၆၃)၊ မြေဧရိယာ (၁.၁၃) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပလတ်စတစ်ကော်ကျိုလုပ်ငန်း၊ စိုက်ပျိုးရေးသုံး ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ညွှန်ကြားရေးမှူးရုံး၏ ၁၄-၁၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ နပတ/၁/၁/၃၀ (၂၃၃၉/ ၂၀၂၃)ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်ဝါဝါယဉ်မွန် ၊ ဒါရိုက်တာ၊ New Life Plastic Co.,Ltd.၊ အမှတ် (၂၀၉- ဘီ)၊ ရွှေဝါ ထွန်းလမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉ ၄၂၀ ၁၄၀ ၁၅၇ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုနည်းစဉ်မှာ ကုန်ကြမ်းများ ဝယ်ယူစုဆောင်းခြင်း၊ ပလတ်စတစ်အမျိုးအစားခွဲခြားခြင်း၊ ပလတ်စတစ်များအား ဖြတ်တောက်ခြင်း၊ ဖြတ်တောက်ပြီး ပလတ်စတစ်များအား ဆေးကြောသန့်စင်ခြင်း၊ ပလတ်စတစ် များအား အရည်ကျိုခြင်းနှင့် ကော်စေ့တောင့်များ ပြုလုပ်ခြင်း၊ ကော်စေ့တောင့်များအား ထုပ်ပိုးခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် ကော်စေ့တောင့်များအား စိုက်ပျိုးရေးသုံးရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။


၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** လုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် ပလတ်စတစ်အမှိုက်များ၊ စက်ရုံ၊ အလုပ်ရုံများမှ အသုံးမလိုတော့သည့် စွန့်ပစ်ပလတ်စတစ် ကုန်ကြမ်း များအား ပြည်တွင်းမှရယူကြောင်းနှင့် ပြည်ပမှလည်း PP အမျိုးအစားအား သန့်စင်ပြီး အသင့် အသုံးပြု၍ရသော ပလတ်စတစ် ဖြတ်စကုန်ကြမ်းများအား ရယူသုံးစွဲမည်ဖြစ်ကြောင်း၊ စီမံကိန်း လုပ်ငန်းအတွက် အစိုးရလျှပ်စစ်သုံးစွဲမှုအနေဖြင့် တစ်လလျှင် ပျမ်းမျှအားဖြင့် ၆၅,၀၀၀ ယူနစ် အသုံးပြုကြောင်း၊ ရေသုံးစွဲမှုအနေဖြင့် စက်ရုံအတွင်းရှိ နှစ်လက်မခွဲ အဝီစိရေတွင်း (၂) တွင်းမှရယူ သုံးစွဲပြီး တစ်ရက်လျှင် ပျမ်းမျှရေဂါလန် (၂၀,၀၀၀) ခန့် သုံးစွဲကြောင်း၊ သောက်သုံးရေအား ပြင်ပမှ ဝယ်ယူပြီး တစ်ရက်လျှင် ပျမ်းမျှရေ (၅၀၀) ဂါလန်ခန့် သုံးစွဲမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မြေကွက်အမှတ် (၁၆၃)၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်းကျေးရွာ၊ ကိုးရွာသပြေကုန်းကျေးရွာအုပ်စု၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်တွင် တည်ရှိပါသည်။


**New Life Plastic Co.,Ltd. မှ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်းကျေးရွာ၊ ကိုးရွာသပြေကုန်းကျေးရွာအုပ်စု၊ မြေကွက်အမှတ် (၁၆၃)၊ မြေဧရိယာ (၁.၁၃) ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပလတ်စတစ်ကော်ကျိုလုပ်ငန်း၊ စိုက်ပျိုးရေးသုံးရေပိုက်နှင့် ပိုက်ဆက်ပစ္စည်း ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**



**New Life Plastic Co.,Ltd. မှ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်း ကျေးရွာ၊ ကိုးရွာသပြေကုန်းကျေးရွာအုပ်စု၊ မြေကွက်အမှတ် (၁၆၃)၊ မြေဧရိယာ (၁.၁၃) ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပလတ်စတစ်ကော်ကျိုလုပ်ငန်း၊ စိုက်ပျိုးရေးသုံး ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်း ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ Layout Plan**



**New Life Plastic Co.,Ltd. မှ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်း ကျေးရွာ၊ ကိုးရွာသပြေကုန်းကျေးရွာအုပ်စု၊ မြေကွက်အမှတ် (၁၆၃)၊ မြေရေိယာ (၁.၁၃) ကေတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပလတ်စတစ်ကော်ကျိုလုပ်ငန်း၊ စိုက်ပျိုးရေးသုံး ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်း ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၏ Process Flow Chart**



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူသည် New Life Plastic Co., Ltd. မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပလတ်စတစ်ကော်ကျိုလုပ်ငန်း၊ စိုက်ပျိုးရေးသုံး ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်း ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ညွှန်ကြားရေးမှူးရုံး၏ ၁၄-၁၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ နပတ/၁/၁/၃၀ (၂၃၃၉/၂၀၂၃) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ များကို လိုက်နာဆောင်ရွက်ရမည်၊

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုနည်းစဉ်မှာ ကုန်ကြမ်းများ ဝယ်ယူစုဆောင်းခြင်း၊ ပလတ်စတစ် အမျိုးအစား ခွဲခြားခြင်း၊ ပလတ်စတစ်များအား ဖြတ်တောက်ခြင်း၊ ဖြတ်တောက်ပြီး ပလတ်စတစ် များအား ဆေးကြောသန့်စင်ခြင်း၊ ပလတ်စတစ်များအား အရည်ကျိုခြင်းနှင့် ကော်စေ့တောင့်များပြုလုပ်ခြင်း၊ ကော်စေ့တောင့်များအား ထုပ်ပိုးခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်းနှင့် ကော်စေ့တောင့်များအား စိုက်ပျိုးရေးသုံးရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်၊

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းဆောင်ရွက်ရာတွင် စက်ရုံလုပ်သားများအား နှာခေါင်းစည်းများ ဝတ်ဆင်၍ ဆောင်ရွက်ရန်၊

(၂) ပလတ်စတစ်များအပူပေးခြင်းမှ ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်မားခြင်း အခြေအနေကို ရှောင်ရှားနိုင်ရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ထုတ်လွှတ်မှုဥပဒေများနှင့် ကိုက်ညီသော စက်ပစ္စည်းများကိုသာ အသုံးပြုရန်၊

(၃) ကော်ညှော်နံ့များနှင့် စပ်လျဉ်း၍ လေဝင်လေထွက် ကောင်းမွန်စေရန်အတွက် ဂရုပြု ဆောင်ရွက်ရန်၊

(၄) လက်ရှိ စက်ရုံအဆောက်အဦအတွင်းရှိ လေထုအရည်အသွေးတန်ဖိုးများကို NEQEGs လမ်းညွှန်တန်ဖိုးအတွင်းသို့ ရောက်ရှိအောင် ဆောင်ရွက်ရန်၊

(၅) စက်ရုံဝန်းခြံစည်းရိုးပတ်လည်တွင် အကြီးမြန်သော အရိပ်ရလေကာပင်များကို စိုက်ပျိုးရန်၊

(၆) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၏ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်။

(ဃ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံလုပ်သားများအား ဆူညံသံကြောင့် ကျန်းမာရေးထိခိုက်မှုမရှိစေရန် အသံလုံနားကြပ်၊ ဖော့ဆို့ (Ear Plugs) များအား အသုံးပြုရန်၊

(၂) ဆူညံသံလျော့ပါးစေသည့် အကာအရံများ တပ်ဆင်ထားရန်နှင့် ဆူညံမှုနည်းပါးသည့် စက်ကိရိယာများအား ရွေးချယ်အသုံးပြုရန်၊

(၃) ညအချိန် စက်ရုံလည်ပတ်ခြင်းကို တတ်နိုင်သမျှ ရှောင်ရှားရန်၊

(၄) လုပ်ငန်းတွင်အသုံးပြုသည့် စက်ပစ္စည်းကိရိယာများအား ပုံမှန်စစ်ဆေးခြင်း၊ ပြုပြင်ခြင်း၊ ဆူညံသံလျော့နည်းစေရန် စက်ပစ္စည်းကိရိယာများအား ပြုပြင်အစားထိုးခြင်းများ ဆောင်ရွက်ရန်၊

(၅) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၏ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်။

(င) **စွန့်ပစ်ပစ္စည်းအစိုင်အခဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အနည်စစ်ကန်မှထွက်ရှိသော ပလတ်စတစ်ဖြတ်စ အမှိုက်များနှင့် ဝန်ထမ်းသုံးစွန့်ပစ်အမှိုက်များအား NPTDC မှ သတ်မှတ်ထားသော အမှိုက်စွန့်ပစ်နေရာသို့ စွန့်ပစ်ရန်၊

(၂) နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ချမှတ်ထားသော လမ်းညွှန်ချက်များ၊ ဥပဒေများကို အလေးထားလိုက်နာဆောင်ရွက်ရန်။

(စ) **ရေသုံးစွဲမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံလုပ်ငန်းတွင် အသုံးပြုပြီးသောရေများကို ရေအအေးခံစနစ်သို့ ပို့ဆောင်ကာ ပြန်လည်အသုံးပြုသော စနစ်များထားရှိရန်၊

(၂) စက်ရုံ၏ရေသုံးစွဲမှုပမာဏကို လျှော့ချနိုင်အောင် ဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်အရည် (ရေဆိုး) စီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်စွန့်ပစ်ရေများအား အနည်စစ်ကန်တွင် အနည်ကျစေပြီးမှ စက်ရုံပြင်ပရှိ ရေနုတ်မြောင်းသို့ စွန့်ထုတ်ရန်၊

(၂) အလုပ်သမားများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော မိလ္လာစွန့်ပစ်သည့် စနစ်များအား တပ်ဆင်ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ရေများ ရေစီးရေလာကောင်းမွန်စေရန် စက်ရုံပြင်ပရှိ ရေနုတ်မြောင်းအား မိမိအစီအစဉ်ဖြင့် အမှိုက်သရိုက်များအား ပုံမှန်ဖယ်ရှားခြင်း ဆောင်ရွက်ရန်၊

(၄) ပုံမှန်ရေအရည်အသွေးစစ်ဆေးမှု ရလဒ်များသိသာထင်ရှားစွာ ဆိုးရွားလာပါက စွန့်ပစ်ရေအတွက် Wastewater Treatment Plant ကိုသီးခြားထပ်မံ၍ တည်ဆောက်လည်ပတ်ရန်၊

(၅) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၏ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်။

(ဇ) **အနံ့စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပူပေး၍ ကော်ရည်ကျိုခြင်းမှ ကော်ညှော်နံ့များထွက်ရှိနိုင်သည့်အတွက် စက်ရုံလုပ်သားများအား နှာခေါင်းစည်းအကာအကွယ်များ ဝတ်ဆင်၍ အလုပ်လုပ်ကိုင်ရန်၊

(၂) စက်ရုံတွင် အနံ့ဆိုးလျှော့ချသည့်စက်များ တပ်ဆင်ဆောင်ရွက်ရန်။ (ယခုစက်ရုံတွင် အနံ့လျှော့ချသည့် စက်တပ်ဆင်ထားကြောင်း၊ အနံ့အသက်များဆိုးရွားလာပါက ပိုမို တပ်ဆင်ရန်)

(ဈ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် သင့်လျော်လုံလောက်သော အစီအမံများထားရှိ၍ စက်ရုံမန်နေဂျာမှ ပုံမှန်ကြီးကြပ်စစ်ဆေးမှုများ ပြုလုပ်ရန်၊

(၂) စက်ရုံအတွင်း အလုပ်သမားများအတွက် PPE ဝတ်စုံများအား စက်ရုံပိုင်ရှင်မှ အလုံ အလောက်ပံ့ပိုးထောက်ပံ့ရန်၊

(၃) စက်ရုံရှိအလုပ်သမားများအား ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းများ၊ အသိပညာပေးအစီအစဉ်များ၊ ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၄) အလုပ်သမားများ၏ တစ်ကိုယ်ရေကျန်းမာရေးအတွက် အခါအားလျော်စွာ ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း၊ (အကြားအာရုံ၊ နှလုံး၊ အဆုတ် အခြေအနေများကို နှစ်စဉ်စစ်ဆေးပေးရန်၊

(၅) လုပ်ငန်းခွင်အတွင်း အဆိုင်းအလိုက် (နာရီပိုင်း) အလုပ်သမားများ နားနေနိုင်သည့် နေရာတစ်ခုဖန်တီး၍ လေကောင်းလေသန့်ဖြင့် အနားယူနိုင်စေရေး ဆောင်ရွက်ရန်၊

(၆) မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်နှင့် မီးသတ်ရေငုတ်/ ကန်များအစရှိသည့် ပစ္စည်းကိရိယာများကို အချိန်ပြည့် အသင့်ဖြစ်နေစေရေး ဆောင်ရွက်ရန်။

(ည) **မီးဘေးလုံခြုံရေးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံအတွင်း မီးဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ၊ အရေးပေါ်မီးသတ်ဆေးဘူး၊ မီးသတ်စနစ်နှင့် မီးသတ်ရေများအား အဆင်သင့်ထားရှိ၍ ဆောင်ရွက်ရန်၊

(၂) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို မြင်သာသောနေရာများတွင် ရေးသားချိတ်ဆွဲထားရန်၊

(၃) မြို့နယ်မီးသတ်ဦးစီးဌာနမှစီစဉ်သော မီးဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်များ၊ အသိပညာပေးဟောပြောပွဲများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းနှင့် လမ်းညွှန်ချက်များအား အပြည့်အဝလိုက်နာ ဆောင်ရွက်ရန်။

(ဋ) **အရေးပေါ်အခြေအနေတုန့်ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ကင်းရှင်းရေး သတိပေးဆိုင်းဘုတ်များလုံလောက်စွာထားရှိခြင်း၊ စက်ရုံလည်ပတ်ချိန်အတွင်း အန္တရာယ်ရှိသော လုပ်ငန်းခွင် ဧရိယာသို့ ပြင်ပလူများ (ဥပမာ- ကလေးငယ်များ မဝင်ရောက်စေရန် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ဆောင်ရွက်ရန်)၊

(၂) ဖိနပ်၊ လက်အိတ်အစရှိသော အကာအကွယ်ပစ္စည်းများအား အလုပ်ချိန်အတွင်း အချိန်ပြည့်ဝတ်ဆင် ဆောင်ရွက်ရန်၊

(၃) ရှေးဦးသူနာပြု ဆေးသေတ္တာများထားရှိခြင်းနှင့် စက်ရုံမန်နေဂျာမှ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စက်ကိရိယာများကို ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွကရန်။

(၅) **လုပ်ငန်းလည်ပတ်ခြင်းအဆင့်စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေး $SO_2$၊ $NO_2$၊ CO၊ $O_3$၊ $PM_{2.5}$၊ $PM_{10}$ ၊ VOC စသည့် ပါရာမီတာများအား (၆) လ လျှင် (၁) ကြိမ် စက်ရုံ၏ အတွင်းဘက်နှင့် အပြင်ဘက်တွင် တိုင်းတာရန်၊

(၂) ဆူညံသံအားလုပ်ငန်းခွင်နေရာများအား လျော့ပါးသက်သာစေခြင်းနည်းလမ်းများအတိုင်း ဆောင်ရွက်ထားခြင်းရှိ/ မရှိအား နေ့စဉ် တိုင်းတာမည်ဖြစ်ပြီး လုပ်ငန်းခွင်အား စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်မှုများပြုလုပ်ခြင်းအား လစဉ် အခါအားလျော်စွာ (အနည်းဆုံး (၁) ကြိမ်မှ (၃) ကြိမ်)ဆောင်ရွက်ရန်၊

(၃) အစိုင်အခဲစွန့်ပစ်ပစ္စည်းများနှင့် စပ်လျဉ်း၍ နေ့စဉ် စောင့်ကြပ်ကြည့်ရှုရန်၊

(၄) စွန့်ပစ်ပစ္စည်း (အရည်) အား စက်ရုံအနည်စစ်ကန်၊ စက်ရုံပြင်ပရေနုတ်မြောင်းတို့တွင် (၆) လလျှင် (၁) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၅) ရေထုအရည်အသွေးအား (pH၊ Turbidity၊ ၊colour၊ Sulfate ၊Total Coliform ၊ TDS ၊ Manganese ၊ COD ၊ BOD ၊ Iron ၊ Lead) တို့ကို (၆)လလျှင် (၁) ကြိမ် စက်ရုံအတွင်းရှိ အဝီစိရေတွင်းတွင် တိုင်းတာရန်၊

(၆) မြေထုညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ စက်ရုံ၏အနီးရှိ မြေအရည်အသွေး တိုင်းတာခြင်းအား (၁) နှစ်လျှင် (၁) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၇) လုပ်ငန်းခွင်ကျန်းမာရေးနှင့် စပ်လျဉ်း၍ ဝန်ထမ်းများအား တစ်ကိုယ်ရေသုံး ဘေးအန္တရာယ်ကင်းရှင်းရေး ပစ္စည်းကိရိယာများကို စနစ်တကျအသုံးပြုခြင်း ရှိ/ မရှိ အား နေ့စဉ် စောင့်ကြပ်ကြည့်ရှုရန်၊

(၈) ကူးစက်ရောဂါများမဖြစ်ပွားစေရန် အမှိုက်၊ အိမ်သာ၊ ရေနုတ်မြောင်း မီးဖိုဆောင်၊ ဆေးဝါးကိစ္စရပ်များအား စည်းကမ်းနှင့်အညီ စီမံဆောင်ရွက်ထားခြင်း ရှိ/ မရှိအား လစဉ် (အနည်းဆုံး (၁) ကြိမ်မှ (၃) ကြိမ်) စောင့်ကြပ်ကြည့်ရှုရန်၊

(၉) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ သင့်လျော်သော လုပ်ငန်းခွင် စည်းမျဉ်းစည်းကမ်းများချမှတ်၍ လိုက်နာကျင့်သုံးခြင်းရှိမရှိနှင့် PPE ဝတ်စုံများအား စနစ်တကျ အသုံးပြုခြင်း ရှိမရှိအား နေ့စဉ် စောင့်ကြပ်ကြည့်ရှုရန်၊

(၁၀) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့် သတိပေးဆိုင်းဘုတ်များ၊ အကာအရံများ လုံလောက်စွာထားရှိခြင်း ရှိ/မရှိအား လစဉ် (အနည်းဆုံး (၁) ကြိမ်မှ (၃) ကြိမ်) စောင့်ကြပ်ကြည့်ရှုရန်၊

(၁၁) စက်ရုံဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန် စက်ရုံအလုပ်သမားများအား မီးသတ်သင်တန်း၊ အရေးပေါ်အခြေအနေများအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ၊ အခြေခံရှေးဦးသူနာပြုသင်တန်းများ ဆောင်ရွက်ပေးခြင်းအား နှစ်စဉ် (သင်တန်း (၁) မျိုးလျှင် (၁) ကြိမ်စီ) စက်ရုံဝန်းအတွင်းတွင် ဖွင့်လှစ်သင်ကြားပေးရန်။

(ဍ) **လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်တွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင် ရေထု ၊လေထု၊ မြေထု ညစ်ညမ်းခြင်းများ၊ မီးဘေးအန္တရာယ်နှင့် မတော်တဆ ထိခိုက်မှုများနှင့်စပ်လျဉ်း၍ စက်ရုံဝန်းအတွင်းကျန်ရစ်မည့် စက်ပစ္စည်းများ၊ အမှိုက်များအား စနစ်တကျစုပုံထားရှိခြင်း၊ စည်ပင်သာယာရေး အမှိုက်ပုံသို့ စွန့်ပစ်ခြင်း၊ မီးဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုများ မဖြစ်အောင် စီမံထားရှိခြင်းများအား (၁) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၂) စက်ရုံဖျက်သိမ်းပြီးပါက စက်ရုံပြင်ပရှိ ရေနုတ်မြောင်းမှ ရေဆိုးများကို ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်း (pH၊ COD ၊ BOD၊ Temperature၊ Cyanide (free) Total Phosphorous ၊ Aluminium ၊ Arsenic ၊ Cadmium ၊ Copper ၊ Lead ၊ Sulfide Oil & Grease၊ Total Nitrogen၊ Chromium(Hexavalent) တို့ကို (၁) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်၊

(၃) မြေအရည်အသွေးတိုင်းတာခြင်းအား (pH၊ Conductivity ၊ Copper၊ Lead၊ Cadmium၊ Moisture) တို့ကို လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်တွင် (၁) ကြိမ် စောင့်ကြပ်ကြည့်ရှုရန်။

(ဎ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ်အား ၂၂-၆-၂၀၂၃ ရက်နေ့တွင် ပုဗ္ဗသီရိမြို့နယ်၊ သပြေကုန်းကျေးရွာတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ၂၆-၆-၂၀၂၃ ရက်နေ့တွင် ပုဗ္ဗသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အစိုးရဌာန၊ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဖော်ပြထားပါသည်။

(ဏ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်တို့အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(တ) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်ခြင်းအဆင့်တွင် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအတွက် လျာထားအသုံးစရိတ် (၁၂,၀၆၂,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်တွင် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအတွက် လျာထားအသုံးစရိတ် (၃,၀၀၀,၀၀၀) ကျပ် သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လူမှုတာဝန်သိအစီအစဉ် (CSR Activities) နှင့်စပ်လျဉ်း၍ နှစ်စဉ် အသားတင်အမြတ်ငွေ ၂% သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈ – ၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့သော၊ ကာဗွန်ထုတ်လွှတ်မှု လျော့ကျစေသော၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့ကျစေသော ထုတ်လုပ်မှုနည်းပညာများ၊ ကောင်းမွန်သော ထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ (Good Manufacturing Practices– GMP) ကိုမြှင့်တင်ဆောင်ရွက်ရန်၊

မှန်လုံအိမ်ဓာတ်ငွေ့ ထွက်ရှိနိုင်သော ရုပ်ကြွင်းလောင်စာ သုံးစွဲမှုကို ယာဉ်၊ ယန္တရားအမျိုးအစား အလိုက် လစဉ် သုံးစွဲမှုခန့်မှန်းချက် ထည့်သွင်းပြုစုရန်၊ GHGs အထူးသဖြင့် $CO_2$ စုပ်ယူ ဖယ်ထုတ်နိုင်မည့် သစ်တောထိန်းသိမ်း ကာကွယ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းအစီအစဉ်များ ရေးဆွဲပြုစု ဆောင်ရွက်ရန်၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှောင် လူပ်ခြင်း ကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေး၊ ပျက်စီးဆုံးရှုံးမှု လျှော့ချနိုင်ရေးအတွက် အစီအမံများရေးဆွဲ၍ ကြိုတင် ပြင်ဆင် ဆောင်ရွက်ရမည်၊

(၂) လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာမည့် ပလတ်စတစ်ဖြတ်စများ၊ မီးဖိုချောင်သုံး စွန့်ပစ်အမှိုက်များ၊ အထွေထွေသုံး စွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်များ အပူပေး၍ အရည်ကျိုခြင်းလုပ်ငန်းစဉ်မှ ထွက်ရှိလာမည့် ကော်ညှော်နံ့များ၊ ပလတ်စတစ်များ၊ ဖြတ်စများရေလျှော်ခြင်းမှ ထွက်ရှိလာမည့် စွန့်ပစ်ရေဆိုးများအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် နည်းလမ်းဖြင့် စွန့်ပစ်ရမည်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာဌာနက စွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာစွန့်ပစ်ဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှုမရှိစေရေး လိုက်နာဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်မည် လိုက်နာ ဆောင်ရွက်ရမည်၊

(၄) လေအရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်မည်ကို လိုက်နာဆောင်ရွက် ရမည်၊

(၅) အဆိုပြုစီမံကိန်းဒါရိုက်တာမှ စွန့်ပစ်ရေကန်မှ အနည်အနှစ်များအားစိုက်ပျိုးရေး သုတေသနဓာတ်ခွဲခန်းသို့ ပေးပို့၍ စိုက်ပျိုးရေးအတွက်သုံးစွဲရန် သင့်လျော်ခြင်း ရှိ/ မရှိကို စမ်းသပ်စစ်ဆေးပေးမည် ဖြစ်ကြောင်း၊ အကယ်၍ စွန့်ပစ်ရေသည် စိုက်ပျိုးမြေများကို ပျက်စီးစေနိုင်သည်ဆိုပါက စွန့်ပစ်ရေသုံးစွဲခြင်းကို တားမြစ် သွားမည်ဟု အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းအစီအစဉ်တွင် ထည့်သွင်း ပြောကြားခဲ့သဖြင့် စွန့်ပစ်ရေများအား စိုက်ပျိုးရေးသုတေသန ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရမည်ကို လိုက်နာဆောင်ရွက်ရမည်၊

(၆) အပူပေး၍ ကော်ရည်ကျိုခြင်းမှ ကော်ညှော်နံ့များ ထွက်ရှိနိုင်သည့်အတွက် ကော်ညှော်အနံ့ထွက်ရှိမှုနှင့် စပ်လျဉ်း၍ အထူးအလေးထားရမည်ကို လိုက်နာ ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းလုပ်ငန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စွန့်ပစ်အစိုင်အခဲများ သယ်ယူအသုံးပြုမှု၊ သိုလှောင်မှု၊ စွန့်ပစ်မှုများကြောင့် လုပ်ငန်းခွင်နှင့် အနီးဝန်းကျင် အပေါ် ညစ်ညမ်းမှုမရှိစေရေး စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် Domestic Wastewater များအား စနစ်တကျသန့်စင်၍ NEQEG Guideline အထွေထွေ လမ်းညွှန်ချက်များ အပိုဒ် (၁.၂) အတွင်းရှိစေပြီး ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု မရှိစေရေး စနစ်တကျ သန့်စင်ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်နှင့်စွန့်ပစ်ရေ စွန့်ပစ်မှု များနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းနှင့် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရမည်၊

(ဃ) **လေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အလုပ်သမားများအတွက် လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ Indoor Air Quality Monitoring Device တပ်ဆင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပလတ်စတစ်ကော်ရည်ကျိုသည့်နေရာတွင် အနံ့ဆိုးထွက်ရှိမှုအား လျှော့ချနိုင်ရန် သင့်လျော်သည့် အနံ့ဆိုးလျှော့ချနိုင်သည့်စက် တပ်ဆင် ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ Air Condition နှင့် အခြား Gas အသုံးပြုသည့်ပစ္စည်းများအတွက် Gas အသုံးပြုရာတွင် ပတ်ဝန်းကျင်၊ ရာသီဥတုနှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှု နည်းသော Gas အမျိုးအစားအား အသုံးပြုဆောင်ရွက်ရမည်၊

(င) **ရေသုံးစွဲမှု စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ရေအရင်းအမြစ် အသုံး ပြုမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စည်းကမ်းချက်၊ ညွှန်ကြားချက်များ အား လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် Wastewater များအား စနစ်တကျ သန့်စင်၍ Guideline အတွင်းရှိစေပြီး ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုမရှိစေရေး ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်နှင့် စွန့်ပစ်ရေစွန့်ပစ်မှုများနှင့် ပတ်သက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရမည်၊

(စ) **ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကုန်ကြမ်း ပစ္စည်းများ ရယူမှုနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံများမှ တင်သွင်းရာတွင် ပြည်တွင်း ပြဋ္ဌာန်း ဥပဒေများနှင့် နိုင်ငံတကာ သဘောတူညီချက်များနှင့်အညီ လိုက်နာတင်သွင်း ရမည် ဖြစ်ကြောင်းနှင့် လုပ်ငန်းအတွက် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် ဓာတုပစ္စည်းများ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှု၊ ကိုင်တွယ်အသုံးပြုမှုနှင့် စွန့်ပစ်မှု တို့ ဆောင်ရွက်ရာတွင် Material Safety Data Sheet ပါ စည်းကမ်းသတ်မှတ်ချက် များ၊ လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာဌာန စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊ သန့်စင်ပြီး အသင့်အသုံးပြု၍ ရသော Polypropylene အမျိုးအစား ပလတ်စတစ်ဖြတ်စ ပြည်ပမှ တင်သွင်းမှု အတွက် သက်ဆိုင်ရာ ဆက်စပ်ဌာန၊ လုပ်ငန်းများမှ လုပ်ထုံးလုပ်နည်း၊ စည်းကမ်း သတ်မှတ်ချက်ဖြင့် တင်သွင်းခွင့်ပြုသည့် အမျိုးအစား၊ ပမာဏ၊ နှစ်ကာလ အပိုင်းအခြားများနှင့်အညီ အတိအကျ လိုက်နာဆောင်ရွက်ရန်။

(ဓ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(န) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင် သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ပ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရမည်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြ ရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များ ဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဠ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာစည်းကမ်း သတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ် /မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဍ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်–

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(၃) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့်ရေးသား ဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့်ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(၄) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ် ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု

သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်း နှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့်နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့်သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ

ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ

ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေး ထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြား ငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်း တစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---